# ရှမ်းပြည်နယ်လွှတ်တော်
## လွှတ်တော်သတင်းလွှာ
*Shan State Hluttaw Bulletin*

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ( ၈ )ရက်၊ ၅. ၁. ၂၀၁၇၊ အတွဲ(၁)၊ အမှတ်(၅)

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ကျင်းပပြုလုပ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၆)ကို(၅. ၁၂. ၂၀၁၆)ရက်နေ့မှ (၈. ၁၂. ၂၀၁၆) ရက်နေ့အထိ စုစုပေါင်း(၄)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်းနှင့် အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀၇) ဦး တက်ရောက်ခဲ့ပါသည်။



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် အစည်းအဝေး
တက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၇)ဦးမှ ကတိသစ္စာပြုခြင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
တက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်

ဒေါက်တာလင်းထွန်းမှ ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းနှင့် မိန့်ခွန်းအားမှတ်တမ်းတင်ခြင်း၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ကြားကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ခေါင်းဆောင်သော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ (၂၄-၉-၂၀၁၆) ရက်နေ့မှ (၁. ၁၀. ၂၀၁၆)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျန်းစူးပြည်နယ်နှင့် ယူနန်ပြည်နယ် လေ့လာရေးခရီးစဉ်အား ပြည်နယ်လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနဆိုင်ရာအဖွဲ့ အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းများအား




ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်
အစည်းအဝေး တက်ရောက်နေစဉ်

ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း၊ အရေးကြီးအဆို (၂)ခု တင်သွင်းမှုအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်း ဖြေကြားခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ခြင်း၊ ဝမ်းနည်းကြောင်းအဆို (၁)ခု တင်သွင်းမှတ်တမ်းတင်ခြင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ပြန်လည်ဖြေကြားခြင်း၊ ပြည်နယ်လွှတ်တော်ရေးရာကော်မတီဝင်များ အစားထိုး ဖြည့်စွက်တာဝန်ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။



ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ မိန့်ခွန်းပြောကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)(၅-၁၂-၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ မိန့်ခွန်းပြောကြားရာတွင် **လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။**

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အရေးပေါ် အစည်းအဝေးကို ၂၉. ၁၁. ၂၀၁၆ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ အကြောင်းကြားလာမှုအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး အတည်ပြုပေးရန်အတွက် ခေါ်ယူရခြင်း ဖြစ်ပါတယ်။ဒ့ါအပြင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အခြေအနေများကိုလည်း တင်ပြလိုပါတယ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ်၊ မေလနှင့် ဇူလိုင်လအတွင်း ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ ခရိုင်များကို သွားရောက်ပြီး မြေယာဆိုင်ရာ ကိစ္စရပ်များ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၏ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့်ပြည်သူလူထုများ၊ နိုင်ငံရေးပါတီများ၊ CSOများ၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဒေသအတွက် ဆောင်ရွက်ပေးရမယ့် လိုအပ်ချက်၊ လုပ်ငန်းတင်ပြချက်များအပေါ် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းမှာ ပါဝင်တဲ့ လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လတ်တလော ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ပတ်သက်၍ ခေတ္တစစ်ဘေးရှောင် ရောက်ရှိလာသော ပြည်သူများအား မူဆယ်မြို့၊ တောင်ရပ်ကွက်၊ ဇေတဝန်ကမ္မဋ္ဌာန်းကျောင်း၊ ဟိုမွန်ရပ်ကွက်၊ ကချင်နှစ်ခြင်းခရစ်ယာန်ကျောင်း၊ အထက(၂) ဟိုမွန် နှင့် အမက(၄)ဟိုမွန်၊ စွမ်စော်ရပ်ကွက် ၊ အောင်မင်္ဂလာကျောင်း၊ ကချင်ဘုရားကျောင်း၊ နမ့်ခွမ်ရွာ ဘုန်းတော်ကြီးကျောင်း နှင့် စိန်မီတာဘုရားကျောင်း ၊ စုစုပေါင်း(၈)နေရာတွင် လက်ခံထားရှိခဲ့ရာ နိုဝင်ဘာလ (၂၃) ရက်အထိ (၃၇၁၀)ဦးထိရှိခဲ့ပြီး ၄-၁၂-၂၀၁၆ ရက်အထိ (၃၈၀) ဦးရှိကာ မုံးကိုးမြို့၊ ဝိန်းဆိုင်ကျေးရွာ ဘုရားကျောင်းတွင် (၃၀၄) ဦး၊ စုစုပေါင်း (၆၈၄)ဦး ကျန်ရှိနေပြီး စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့အား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်/ပို့ကုန် လုပ်ငန်းများနှင့် မူဆယ်မြို့နယ် တရားဝင်ဂိတ်များမှ တစ်ဆင့် မြန်မာနိုင်ငံ

အတွင်းသို့ နေ့စဉ် လူဝင်/လူထွက်များလည်း ပုံမှန် လည်ပတ်နေပြီ ဖြစ်ပါတယ်။

၂၀-၁၁-၂၀၁၆ ရက်တွင် လားရှိုးခရိုင်နှင့် မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ မိုင်းယု (၁၀၅) မိုင်၊ နမ့်ပေါ် တံတားတို့တွင် သောင်းကျန်းသူအဖွဲ့များမှ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်မှုဖြစ်စဉ်များကြောင့် သေဆုံး/ ကျဆုံး (၁၅)ဦး၊ ထိခိုက်ဒဏ်ရာရ (၄၅) ဦး ရှိခဲ့ပြီး သေဆုံးသွားသူ ဝန်ထမ်း (၄) ဦးအတွက် (၁၀) သိန်းနှုန်းဖြင့် သိန်း (၄၀)၊ သေဆုံး အရပ်သား (၅ )ဦးအတွက် (၅) သိန်းနှုန်းဖြင့်(၂၅)သိန်း၊ ပြင်းထန်ဒဏ်ရာရ(၁၇)ဦးအတွက် (၃) သိန်းနှုန်းဖြင့် (၅၁)သိန်း၊ သာမန်ဒဏ်ရာရ (၁၄) ဦးအား (၁)သိန်းနှုန်းဖြင့် (၁၄) သိန်း၊ ရိက္ခာဆန် တစ်အိတ်လျှင် (၂၃၀၀၀ိ/-) နှုန်းဖြင့် (၅၀၀) အိတ်အတွက် (၁၁၅) သိန်း၊ ဆန် (၁)အိတ် လျှင် (၂၄၀၀၀ိ/-) နှုန်းဖြင့် (၃၀၀) အိတ်အတွက် (၇၂)သိန်း၊ ခေါက်ဆွဲခြောက် (၁) ဖာလျှင် (၃၈၀၀ိ/-)နှုန်းဖြင့် (၁၀၀၀)ဖာ အတွက် (၃၈)သိန်း၊ ယနေ့အချိန်ထိ ငွေနှင့် ပစ္စည်း အပါအဝင် စုစုပေါင်း ကျပ်သိန်း (၃၇၇. ၃၁၇) လှူဒါန်းပေးနိုင်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း နမ့်ဆန်နှင့် မိုးမိတ်မြို့နယ်တွင် မီးဘေးဖြစ်ပွားမှု ၊ မူဆယ်ခရိုင်၊ ကျောက်မဲခရိုင်နှင့် လားရှိုးခရိုင်အတွင်း စစ်ဘေးဖြစ်ပွားမှု၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်အတွင်း အင်းဆက်ပိုးမွှားဘေးနှင့် မိုင်းရှူးမြို့နယ်အတွင်း လေဘေးဖြစ်ပွားခဲ့မှုများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီစဉ်ဆောင်ရွက်မှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်း (၉)မျိုး၊ အလှူရှင်များမှ စောင်၊ အနွေးထည်များနှင့် ငွေများ စုစုပေါင်း ထောက်ပံ့ငွေကျပ် (၁၄. ၅၅)သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ၊ ဧပြီလ (၁) ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျင်းပမည့် လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်အနေဖြင့် လစ်လပ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များဖြစ်သော ကျေးသီးနှင့် မိုင်းရှူးမြို့နယ်တွင်လည်းကောင်း၊ လစ်လပ်ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များဖြစ်သော ကျိုင်းတုံမြို့နယ် အမှတ်(၂)၊ ကျေးသီးမြို့နယ်အမှတ်(၁)၊(၂)၊ မိုင်းရှူးမြို့နယ်အမှတ်(၁)၊(၂)နှင့် ညောင်ရွှေမြို့နယ်အမှတ်(၁) တွင်လည်းကောင်း၊ ကျင်းပသွားမည်ဖြစ်ပါသဖြင့် အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကို လွှတ်တော်ကိုယ်စားလှယ်များမှလည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် တတ်စွမ်းသမျှ ပါဝင်ကူညီဆောင်ရွက်ပေးပါရန် လည်းပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်း၊ နှစ်စဉ် အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်" ဟု ပြဋ္ဌာန်းထားပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နှစ်စဉ်ပြည်နယ်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်ပြရပါတယ်။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲရာတွင် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနအဖွဲ့အစည်းများ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို ရှမ်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှ စိစစ်ရေးဆွဲ၍ ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ယခုလိုတင်သွင်းခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းများအား နှစ်လတ်ဘဏ္ဍာရေးမူဘောင်ဖြင့် ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းရန် ထောက်ပံ့ပေးမည့် ပမာဏကို ညွှန်းကိန်း (၆) ခု ဖြစ်သော တိုင်းဒေသကြီး/ပြည်နယ်များ၏ စုစုပေါင်း လူဦးရေ၊ ဆင်းရဲမှု ညွှန်းကိန်း၊ မြေဧရိယာအကျယ်အဝန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေအချိုး၊ တစ်ဦးကျ အခွန်ကောက်ခံမှု၊ လူတစ်ဦးစီ၏



ပျမ်းမျှ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ အပေါ် မူတည်၍ ထောက်ပံ့ပေးကြောင်း ၂၉-၁၁-၂၀၁၆ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ အကြောင်းကြားခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှာ ထူးခြားချက် အနေနဲ့ ဗဟိုစာရင်းအင်းအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မြေသားလုပ်ငန်းများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများရဲ့ သာမန်အသုံးစရိတ်များနဲ့ လွှတ်တော်ကတိကဝတ်များအရ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများရဲ့ သာမန်အသုံးစရိတ်များအား ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေအတွင်းသို့ ပါဝင်လာပါတယ်။ ရှမ်းပြည်နယ်အတွက် ပြည်ထောင်စုမှထောက်ပံ့ငွေကျပ် (၂၁၈၆၂၉. ၇၈၂) သန်းနှင့် လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် (၅၅၀၀. ၀၀၀) သန်းရရှိမှုအပေါ် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မူလခန့်မှန်းခြေစာရင်းများရေးဆွဲထားမှု အခြေအနေမှာ သာမန်ရငွေ (၂၈၅၀၉. ၃၇၃)၊ ငွေလုံးငွေရင်း(-)၊ စုစုပေါင်း ( ၂၈၅၀၉. ၃၇၃)၊ သုံးငွေ (၉၃၈၀၇. ၆၇၀)၊ ငွေလုံးငွေရင်း (၁၅၃၃၃၁. ၄၈၅)၊ စုစုပေါင်း (၂၄၇၁၃၉. ၁၅၅) ပိုငွေ (+)/လိုငွေ (-)အနေဖြင့် သာမန် (-)(၆၅၂၉၈. ၂၉၇)၊ ငွေလုံးငွေရင်း (-)(၁၅၃၃၃၁. ၄၅၈)၊ စုစုပေါင်း (-) (၂၁၈၆၂၉. ၇၈၂) ဖြစ်ပါတယ်။သို့ဖြစ်ပါ၍ အဆိုပါလိုငွေအား ပြည်ထောင်စုထောက်ပံ့ငွေဖြင့် ထည့်သွင်းရေးဆွဲခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ လစာစရိတ်နှင့် အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များ ပါဝင်သော သာမန်အသုံးစရိတ်ကို ဦးစားပေး စိစစ်တွက်ချက် ရေးဆွဲပြီး ကျန်ထောက်ပံ့ငွေများကို ပြည်သူတို့ တိုက်ရိုက် အကျိုးပြုမည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဆည်မြောင်း တာတမံ ရေကန်ရေနုတ်မြောင်း တူးဖော်ရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ထားပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်တွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် (၄၈၉၈၉၈၉. ၆)သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ (၇. ၀) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါတယ်။ လယ်ယာကဏ္ဍကြီးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက် (၁၅၆၀၃၉၀. ၈)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက် (၁၇၁၁၇၃၇. ၄ )ဖြစ်သည့်အတွက် တိုးတက်မှုနှုန်း (၁. ၃)၊ စက်မှုကဏ္ဍကြီးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက် (၁၁၆၉၆၅၇. ၆)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက် (၁၃၀၄၄၁၀. ၉) ဖြစ်သည့်အတွက် တိုးတက်မှုနှုန်း (၁၈. ၆)၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက် (၁၇၀၈၈၈၁. ၃)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက် (၁၈၈၂၈၄၁. ၃) ဖြစ်သည့်အတွက် တိုးတက်မှုနှုန်း (၅. ၄) ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပထမ (၆)လပတ်ကုန်အထိ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် (၄၈၉၈၉၈၉. ၆) သန်း ရရှိရန်ရည်မှန်းချက် ထားရှိခဲ့ရာ ကျပ် (၁၅၇၉၈၈၇. ၈) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၃၂. ၂) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ (၂. ၃) ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ရည်မှန်းချက်အနေဖြင့် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး **GDP** ကို ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၃၉၄၅၅၄၅. ၄) (ကျပ်၃၉၄၅. ၅ ဘီလီယံ)ရရှိရန်နှင့် စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ (၅. ၈) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကဏ္ဍကြီးများ၏ ပါဝင်မှု အချိုးအစားကို ၂၀၁၆-၂၀၁၇ နှစ်ကုန် ခန့်မှန်းခြေနှင့် နှိုင်းယှဉ်ပါက လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို နှစ်အလိုက်ဈေးနှုန်းအရ (၃၄. ၉) ရာခိုင်နှုန်းမှ (၃၃. ၂) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၂၅. ၀) ရာခိုင်နှုန်းမှ (၂၅. ၈)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၄၀. ၁)ရာခိုင်နှုန်းမှ (၄၁. ၀)ရာခိုင်နှုန်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန် ရည်မှန်းထားပါတယ်။

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်

People's Voice, Hluttaw's Voice
People's Will, Hluttaw's Will
People's Expectation, Hluttaw's Implementation

ဒါ့အပြင် ပုံမှန်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၃. ၈) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၇. ၃)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၆. ၅) ရာခိုင်နှုန်း အသီးသီးတိုးတက်စေရန် ရည်မှန်းထားပါတယ်။ ကဏ္ဍတစ်ခုချင်းအလိုက်မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်ပြီး ဆောင်ရွက်မည်ဖြစ်ရာ ရည်မှန်းချက်များ အနေဖြင့် လယ်ယာကဏ္ဍ (၃. ၂) ရာခိုင်နှုန်း၊ သားငါးကဏ္ဍ (၅. ၅)ရာခိုင်နှုန်း၊ သစ်တောကဏ္ဍ (၄၄. ၁) ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ (၉. ၄) ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍ(၇. ၈) ရာခိုင်နှုန်း ၊ လျှပ်စစ်ဓါတ်အားကဏ္ဍ (၈. ၄)ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍ (၅. ၆) ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ (၅. ၂) ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ (၄. ၅)ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍ (၁၁. ၀) ရာခိုင်နှုန်း၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ (၃. ၄) ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ (၉. ၂) ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍ (၆. ၉) ရာခိုင်နှုန်း အသီးသီးရရှိရန် ရည်မှန်းထားပါတယ်။ ဖော်ပြပါကဏ္ဍ တစ်ခုချင်းအလိုက် ရည်မှန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော်ဆောင် ရွက်နိုင်ခြင်းဖြင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး **(Per Capita GDP)**ကို နှစ်အလိုက် စျေးနှုန်းအရ ကျပ် (၈၇၆၂၃၀) (ကျပ်၈. ၇သိန်းကျော်)ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းတွင် ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအပြင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်း အသုံးစရိတ်၏ ရင်းနှီးမြှုပ်နှံမှု ကျပ်သန်း (၁၉၇၈၉၈. ၃၈၇ )(ကျပ်၁၉၇. ၉ဘီလီယံ) လျာထားပါတယ်။ ၎င်းစီမံကိန်း ရည်မှန်းချက်များသည် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သော လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အဦ၊ ပညာရေး၊ ကျန်းမာရေး အလုပ်အကိုင်ရရှိရေးစသည့် ဦးစားပေး အစီအစဉ်များအပေါ် မူတည်၍လည်းကောင်း၊ လွှတ်တော်ကတိကဝတ်များ၊ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ၏ တောင်းဆိုမှုများ၊ ယခင်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လုံလောက်မှုမရှိ၍ ကျန်ရစ်ခဲ့သော လုပ်ငန်းများ၊ မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ယခင် ၂၀၁၆-၂၀၁၇ ဖြည့်စွက်ရန်ပုံငွေတွင် ကျန်ရစ်ခဲ့သော လုပ်ငန်းများဟူ၍ လျာထားရေးဆွဲရခြင်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နှစ်စဉ်ပြည်နယ်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ ကြမ်းတို့ကို ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်ပြရပါတယ်။ ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲရာတွင် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနအဖွဲ့အစည်းများအရ အသုံးခန့်မှန်းခြေ ငွေစာရင်းများကို ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ စိစစ်ရေးဆွဲ၍ ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းမှုအပေါ် အတည်ပြုပေးနိုင်ပါရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ဒီမိုကရေစီ ဖော်ဆောင်ရေး
လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး




လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် **Taunggyi Youth Centre** လွှတ်တော်လေ့လာရေး အဖွဲ့ဝင်များ မှတ်တမ်းဓာတ်ပုံရိုက်ကူးနေစဉ်




**Taunggyi Youth Centre** လွှတ်တော်လေ့လာရေး အဖွဲ့ဝင်များ အမှတ်တရ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးနေစဉ်




## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ နှုတ်ခွန်းဆက်စကား ပြောကြား

ယနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး ယခုလိုပြန်လည်တွေ့ဆုံခွင့်ရတဲ့အတွက် ကြည်နူးဝမ်းမြောက်မိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် မိမိထမ်းဆောင်ရမည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ရှမ်းပြည်နယ်လွှတ်တော် ရပ်နားထားတဲ့ ကာလတွေမှာ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒနယ် အသီးသီးမှာ ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး လိုအပ်ချက်များကို ကိုယ်တိုင်လေ့လာသိရှိခဲ့ကြပြီးဖြစ်လို့ လွှတ်တော်မှာတင်ပြ ဆွေးနွေးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်းအား ရေးဆွဲ၍ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်လွှတ်တော်က အတည်ပြုပေးဖို့လိုအပ်တဲ့အတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အရေးပေါ် အစည်းအဝေးကို ခေါ်ပေးရန် ညှိနှိုင်းလာခဲ့ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၈ နှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယခုလို အစည်းအဝေးကိုခေါ် ယူရခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းပြီး တင်ပြဆွေးနွေး အတည်ပြုကြမှာ ဖြစ်သလို တတိယပုံမှန် အစည်းအဝေးအပြီး လွှတ်တော်ကိုယ်စားလှယ်များ ပေးပို့လာကြတဲ့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကိုလည်း ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ တတိယပုံမှန်အစည်းအဝေး ကာလမှာ (၂၅. ၁၁. ၂၀၁၆)ရက်နေ့ထိ လွှတ်တော်မှာ လက်ခံရရှိတဲ့ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း (၃၉)ခု ရှိသည့်အနက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြန်လည်ပေးပို့ထားသော မေးခွန်းများကို ယခုအစည်းအဝေးမှာ ထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီ အနှစ်သာရဟာ အများဆန္ဒဖြင့် ဆောင်ရွက်သော စနစ်ဖြစ်ပြီး လူနည်းစုရဲ့ဆန္ဒကိုလည်း လေးစားရတာ ဖြစ်ပါတယ်။ မိမိတို့ လွှတ်တော်လုပ်ငန်းစဉ်များမှာလည်း ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်မှာပါတဲ့ ဥပဒေပြုရေး လုပ်ငန်းတာဝန်ကို ထမ်းဆောင်ဖို့ ကျွန်တော်တို့ကို ပြည်သူတွေက ရွေးချယ်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကတာဝန်ဟာ ဥပဒေပြုရေးဖြစ်တာနဲ့အညီ ခိုင်မာ

တဲ့ဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့လိုသလို ပြည်သူကို ကိုယ်စားပြုတဲ့ ဥပဒေများဖြစ်ရေးလည်း အရေးကြီးပါတယ်။ ပြည်သူကို အကာအကွယ်ပေးတဲ့ဥပဒေ၊ ပြည်သူကလေးစား လိုက်နာနိုင်တဲ့ ဥပဒေဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းဟာ ယခု (၁၀) လနီးပါးရှိပြီဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ အလွှာပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံနှင့် နယ်ပယ်အသီးသီးက ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ ပြည်သူများရဲ့ အကျိုးကို ထိရောက်စွာ ဖော်ဆောင်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ Capacity building ဟာ အခါအားလျော်စွာ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ရက်တိုသင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ပေးခြင်း၊ အခြားဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် နှီးနှောဖလှယ်ခြင်းစတဲ့ လုပ်ငန်းများဟာ ဆောင်ရွက်သင့်တဲ့ကိစ္စများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့အရည်အချင်း၊ အရည်အသွေး မြှင့်တင်ပေးခြင်းအားဖြင့် လွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မှန်ကန်စွာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)မစမီ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပတဲ့ ရှမ်းပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေသူများ၏ မျက်နှာစုံညီအစည်းအဝေးကို အခြားအဖွဲ့အစည်းများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်(၁၇)ဦးတက်ရောက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ယခု အစည်းအဝေး ကျင်းပပြီးစီးတဲ့အခါမှာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် အလုပ်ရုံ ဆွေးနွေးပွဲကို NGO၊ INGO များနဲ့ လွှတ်တော် ပူးပေါင်းပြီး ဆောင်ရွက်ဖို့ အစီအစဉ် ရှိပါတယ်။ ကနေဒါနိုင်ငံ အခြေစိုက် Forum of Federation အဖွဲ့နှင့် ဖက်ဒရယ်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကိုလည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP က Rule of Law ဆိုင်ရာ ဆွေးနွေးပွဲကိုလည်းကောင်း၊ Asia Foundation က ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကိုလည်းကောင်း ဆွေးနွေးပွဲ (၃)မျိုးကို အသီးသီး ဆောင်ရွက်ဖို့ စီမံထားပြီး စုစုပေါင်း (၆) ရက်ခန့်ကြာမြင့်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဆွေးနွေးပွဲကို စုံစုံညီညီတက်ရောက်ဖို့ ကျွန်တော့်အနေဖြင့် တိုက်တွန်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ ကြုံတွေ့ခံစားနေရတဲ့ ထိခိုက်နစ်နာမှုများနဲ့ ရှမ်းပြည်နယ်အချို့ဒေသတွေမှာ ဖြစ်ပွားနေတဲ့ ဖြစ်စဉ်များကို စနစ်တကျ ချင့်ချိန်စဉ်းစား ဝေဖန်သုံးသပ် ဆောင်ရွက်နိုင်ကြပြီး Rule of Law ဆိုတဲ့ တရားဥပဒေ စိုးမိုးရေးကဏ္ဍအတွက် ဝိုင်းဝန်းကြိုးပမ်းကြရမှာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီ ရပ်တည်ရှင်သန်ခိုင်မာရေးနှင့် ဒီမိုကရေစီကျင့်စဉ်မှာပါတဲ့ ဥပဒေပြုရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ဖို့ ကျွန်တော်တို့ကို ပြည်သူတွေကရွေးချယ်ထားတာကြောင့် ပြည်သူ့ကိုယ်စားလှယ်များပီပီ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ပြည်သူ့အကျိုး၊ ပြည်နယ်ရဲ့ အကျိုးကို ဖြူစင်သောစေတနာ၊ မှန်ကန်သောစိတ်ထားတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇)ဦး ကတိသစ္စာပြုခြင်း ဆောင်ရွက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) (ပထမနေ့) (၅. ၁၂. ၂၀၁၆) ရက်နေ့တွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်မျိုးနောင်၊ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထွန်း၊ ဗိုလ်မှူး ဒေါ်နှင်းယုကျော်၊ ဗိုလ်မှူးမြင့်သီဟ၊ ဗိုလ်မှူးစိုးနိုင်၊ ဗိုလ်မှူး ရဲမြင့်ထွန်းနှင့် ဗိုလ်မှူးအေးမင်းထိုက်တို့မှ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။



တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုနေစဉ်

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဝမ်းနည်းကြောင်း အဆိုတင်သွင်း




ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် ဝမ်းနည်းကြောင်းအဆိုအား တင်သွင်းခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) (ပထမနေ့) (၅. ၁၂. ၂၀၁၆) ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ (၁၂. ၁၀. ၂၀၁၆) ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်ရှိခဲ့သော ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်အတွက် ဝမ်းနည်းကြောင်းအဆို တင်သွင်းမှုအပေါ် လွှတ်တော်မှ မှတ်တမ်းတင်ခဲ့ပါသည်။

## ဘဏ္ဍာရေးဝန်ကြီးမှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းများအား တင်သွင်း




ဘဏ္ဍာရေးဝန်ကြီးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းများအား တင်သွင်းနေစဉ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)(ပထမနေ့)(၅. ၁၂. ၂၀၁၆) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွှန်းတစ်လုံးမှ **ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်**



တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်တင့် ဆွေးနွေးနေစဉ်

**သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်း ခြေငွေစာရင်းအား** လွှတ်တော်သို့ တင်သွင်းရာ ယင်းတင်သွင်းမှုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။ရှမ်းပြည်နယ်




မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်း ဆွေးနွေးနေစဉ်

အစိုးရအဖွဲ့ ဘဏ္ဍာရေး ဝန်ကြီး ဦးစိုင်းရွှန်းတစ်လုံးမှ တင်သွင်းသော **ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်း ခြေငွေစာရင်းအား** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) (စတုတ္ထနေ့) (၈. ၁၂. ၂၀၁၆) ရက်နေ့တွင် တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်းနှင့် မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အ



မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်း ဆွေးနွေးနေစဉ်

မှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း နှင့် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်တို့က ဆွေးနွေးခဲ့ကြရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး ဝန်ကြီး ကိုယ်စား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ ပြန်လည်ရှင်းလင်း ဆွေးနွေးပါသည်။ ထို့နောက် လွှတ်တော် ဥက္ကဋ္ဌမှ လွှတ်တော်၏ ဆန္ဒသဘောထား ရယူရာ လွှတ်တော် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် **ရှမ်းပြည် နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်း ခြေငွေစာရင်းအား** လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။




ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်မှ အကြံပြုဖြည့်စွက် ဆွေးနွေးနေစဉ်



ဘဏ္ဍာရေးဝန်ကြီးကိုယ်စား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ ရှင်းလင်းဆွေးနွေးနေစဉ်

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ အရေးကြီးအဆို တင်သွင်း




လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ကိုယ်စားလှယ် ဦးအောင်သူ အရေးကြီးအဆို တင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) (ဒုတိယနေ့) (၆. ၁၂. ၂၀၁၆) ရက်နေ့တွင် လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူက “ **ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA, လက်နက်ကိုင် သောင်းကျန်းသူများ ရဲ့ အပြစ်မဲ့ပြည်သူလူထုအပေါ် ဆောင်ရွက်ကြတဲ့ ဆောင်ရွက် ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း”** အရေးကြီးအဆို တင် သွင်းရာ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်




မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ် ဦးတင်ဝင်း အရေးကြီးအဆိုအား ဆွေးနွေးခြင်း



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ်
ဦးသန်းထိုက်မှ အရေးကြီးအဆိုအား ဆွေးနွေးနေစဉ်



ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်
အရေးကြီးအဆိုအား ဆွေးနွေးနေစဉ်



တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဗိုလ်မှူးအောင်သူခိုင်မှ အရေးကြီးအဆိုအား ဆွေးနွေးနေစဉ်



တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ်
ဦးခွန်သူရအောင် အရေးကြီးအဆိုအား ဆွေးနွေးနေစဉ်

လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းမှ ထောက်ခံ၍ ကလောမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှဦးသန်းထိုက်ကကန့်ကွက်ခဲ့သည့်အတွက် လွှတ်တော်ဆန္ဒတောင်းခံကာ အဆိုအား ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းအဆိုအား အရေးပေါ်အစည်းအဝေး (တတိယနေ့) (၇-၁၂-၂၀၁၆) ရက်နေ့တွင် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအောင်သူခိုင်၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်၊ တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်၊ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်



မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ကိုယ်စားလှယ်
ဦးစိုင်းကျော် အရေးကြီးအဆိုအား ဆွေးနွေးနေစဉ်



မိုင်းဆက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ်
ဦးဒါဝိဒ် အဆိုအား ဆွေးနွေးနေစဉ်




**တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးပေါ်လာမှ အဆိုအားဆွေးနွေးနေစဉ်**




**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင် အရေးကြီးအဆိုအား ပြန်လည်ရှင်းလင်း ဆွေးနွေးနေစဉ်**



**အရေးကြီးအဆိုအား လျှို့ဝှက်ဆန္ဒပြု မဲခွဲဆုံးဖြတ်ခြင်း ဆောင်ရွက်မှု**

ကိုယ်စားလှယ် ဦးစိုင်းကျောက်၊ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဒါဝိဒ်၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးပေါ်လာနှင့် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်တို့မှ ဆွေးနွေးကြရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်



**ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် အရေးကြီးအဆိုအား ဆွေးနွေးနေစဉ်**

မှ ပြန်လည်ရှင်းလင်း ဆွေးနွေးပါသည်။ ထို့နောက် လွှတ်တော်ဥက္ကဋ္ဌမှ အဆိုအား အတည်ပြုရန် လျှို့ဝှက်ဆန္ဒပြု၍ မဲခွဲဆုံးဖြတ်ခြင်း ဆောင်ရွက်ရာ အစည်းအဝေးတက်ရောက်သူ (၁၁၆)ဦးရှိသည့်အနက် ထောက်ခံဆန္ဒမဲပေးသူ(၆၃)ဦး၊ ကန့်ကွက်ဆန္ဒမဲပေး သူ(၄၅)ဦးနှင့် ကြားနေသူ (၇)ဦးရရှိပြီး ထောက်ခံဆန္ဒပြုသည့် အရေအတွက်ကများသည့်အတွက် အဆိုအား လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ ငြိမ်းချမ်းရေးဆွေးနွေးပေးနိုင်ရေးအတွက် အရေးကြီးအဆို တင်သွင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)(တတိယနေ့)(၇. ၈. ၂၀၁၆)ရက်နေ့တွင် သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူမှ **“ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ အသက်အိုးအိမ် စားဝတ်နေရေးတို့ကို များစွာထိခိုက်**



**သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ် ဦးစိုင်းစိန်လူ အရေးကြီးအဆို တင်သွင်းနေစဉ်**

**သောကြောင့် တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်းရေးကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေးပေးရန်”** အရေးကြီး အဆိုတင်သွင်းခဲ့ရာ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက ထောက်ခံပါသည်။ယင်းအဆိုအား အရေးပေါ်အစည်းအဝေး (စတုတ္ထနေ့) (၈-၁၂-၂၀၁၆) ရက်နေ့တွင် နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်




နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ်
ဦးအောင်ထွဏ်း အရေးကြီးအဆိုအား ဆွေးနွေးနေစဉ်



သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ကိုယ်စားလှယ်
ဒေါ်နန်းစမ်းစမ်းအေး အရေးကြီးအဆိုအား ဆွေးနွေးနေစဉ်

ဦးအောင်ထွဏ်းနှင့် သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးတို့မှ ဆွေးနွေးကြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ပြန်လည်ရှင်းလင်း ဆွေးနွေး၍ မှတ်တမ်းတင်ရန် ဆန္ဒပြုမှုအပေါ် အဆိုရှင်ကလည်း သဘောတူညီသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်၏ ဆန္ဒသဘောထား ရယူကာ အဆိုအား မှတ်တမ်းတင်ခဲ့ပါသည်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ တင်သွင်းသော အရေးကြီးအဆိုနှင့် စပ်လျဥ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးချက်များ



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ
အရေးကြီးအဆိုအား ပြန်လည်ရှင်းလင်းဆွေးနွေးနေစဉ်

**ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်လူ တင်သွင်းသော အရေးကြီး အဆိုနှင့် စပ်လျဥ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင်** KIA, TNLA, MNDAA အစရှိသော အကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာလ ၂၀ရက် နေ့မှစတင်၍ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကွတ်ခိုင်၊ မူဆယ်၊ ပန်ဆိုင်း (ကျူကုတ်) နှင့်မုံးကိုး ဒေသများတွင်ရှိသော တပ်မတော်နှင့် ရဲတပ်ဖွဲ့၏ စခန်းများ၊ အရပ်သားပြည်သူလူထု၏ ပစ်မှတ်များ၊ နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အဆောက်အဦများနှင့်ဒေသများအား ဝင်ရောက်ပစ်ခတ်တိုက်ခတ်ခြင်း၊ လမ်းများ၊ တံတားများ ၊ ပြည်သူလူထု ပိုင်ယာဥ်များအား မိုင်းခွဲဖျက်ဆီးမီးရှို့ခြင်း စသည့်စစ်ရေးအသွင်နှင့် အကြမ်းဖက် အသွင်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်းကို လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး အသိပဲ ဖြစ်ပါတယ်။

ငှင်းတိုက်ပွဲနေရာများသည် ပဋိပက္ခမဖြစ်ခင် ယခင်က ငြိမ်းချမ်းစွာ ပြည်သူလူထုများ နေထိုင်သွားလာ စီးပွားကူးသန်းခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများကို အေးချမ်းစွာလုပ်ကိုင်ခဲ့သော နေရာများဖြစ်ကြောင်း အားလုံးအသိပဲ ဖြစ်ပါတယ်။ နိုဝင်ဘာ(၂၀)ရက်နေ့မှ စတင်၍ ငှင်းသောင်းကျန်းသူအဖွဲ့များ စတင်တိုက်ခိုက်လာသောကြောင့် ပြည်သူလူထုများ အသက် အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးသေကြေဒဏ်ရာရပြီး ကြောက်လန့်တကြား ထွက်ပြေးတိမ်းရှောင်လာရပါသည်။ ငှင်းနေရာများတွင် မူလတည်ငြိမ်သော အခြေအနေများ ပျက်ပြားကာ စစ်ဘေးကပ်ဆိုးတစ်ခုအသွင် ကျရောက်ခဲ့ကြောင်းကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ယခင်တည်ငြိမ်နေသော အခြေအနေမှ ယခု မတည်မငြိမ် ဖြစ်ပွားသွားသော အခြေအနေသည်

ဘယ်အဖွဲ့အစည်းများကြောင့်ဖြစ်သည်ကို ရှင်းပြစရာမလိုတော့အောင် သိရှိခဲ့ကြပြီး ဖြစ်ပါတယ်။ တပ်မတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း၁၊ ပုဒ်မ ၂၀(င) နှင့် အခန်း ၇၊ ပုဒ်မ ၃၃၄ နှင့် ၃၃၉ တို့အရ ဒို့တာဝန်အရေး (၃)ပါး ကာကွယ်စောင့်ရှောက်ရန် အပါအဝင် ပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်မှ ကူညီဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းပါရှိသည့်အတိုင်း အစိုးရ၊ ပြည်သူလူထုနှင့် ပူးပေါင်းပြီး မိမိနိုင်ငံ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် နယ်မြေတည်ငြိမ်အေးချမ်းအောင် ဥပဒေနှင့်အညီ ကာကွယ်စောင့် ရှောက်သွားရမှာပဲ ဖြစ်ပါတယ်။ ၎င်းတာဝန်အတိုင်း ယခု ပဋိပက္ခ ဖြစ်ပွားရာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် တပ်မတော်မှ ဝင်ရောက်၍ နယ်မြေရှင်းလင်းခြင်းများနှင့် သောင်းကျန်းသူများ၊ အဖွဲ့အစည်းများကို ပြန်လည်တိုက်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရပြီး မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန် ထိန်းချုပ်ကြိုးပမ်းခဲ့ရတာပဲ ဖြစ်ပါတယ်။

၎င်းဖြစ်စဉ်များတွင် တပ်မတော်မှ လက်ပိုက်ကြည့်နေပါက မြို့ရွာများနှင့် ဒေသခံပြည်သူပြည်သူများတို့၏ အသက်အိုးအိမ်စည်းစိမ်များ မည်သို့ဖြစ်သွားမည်ကို စဉ်းစားကြည့်စေချင်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ ထုတ်ဖော်မပြောပေမယ့် ကိုယ်စားလှယ်တော်ကြီးတို့၏ ရင်ထဲတွင် တပ်မတော်လက်ပိုက်ကြည့်နေပါက မည်သို့ဖြစ်သွားမည်ကို အားလုံးတူညီသော အဖြေရှိပြီးသား ဖြစ်ပါလိမ့်မယ်။ နိုဝင်ဘာ(၂၀) ရက်နေ့မှ စတင်၍ ၎င်းဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားရခြင်းကို မည်သူ့မှာတာဝန်ရှိပါသလဲ။ ဘယ်အဖွဲ့အစည်းများမှ စတင်တိုက်ခိုက်ပါသလဲဆိုတာကို ကိုယ်စားလှယ်တော်ကြီးများ သိရှိပြီး ဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချမှတ်ထားသည့် ငြိမ်းချမ်းရေးနှင့် ပတ်သက်သောမူဝါဒ (၆) ရပ် အနက် ထာဝရငြိမ်းချမ်းရေးရယူရန် အမှန်တကယ်ဆန္ဒရှိလျှင်ဆိုသော အချက်သည် တိုင်းရင်းသားလက်နက်ကိုင်များအတွက် အလွန်အရေးကြီးသော အချက်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အစိုးရနှင့် တပ်မတော်မှ အမြဲ တံခါးဖွင့်ကြိုဆိုထားပြီး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးပွဲအဆင့် ဆင့်အား ကိုယ်စားလှယ်တော်ကြီးတို့ သိရှိပြီးဖြစ်ကြသည့်အတွက် အကျယ်ချဲ့ မပြောကြားလိုတော့ပါ။ ၎င်း ငြိမ်းချမ်းရေးမူဝါဒနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက် မျှတအောင် ဆွေးနွေးပြီး၊ ၎င်းဆွေးနွေးပွဲအကျိုးရလဒ်များအပေါ် NCA စာချုပ်ပေါ် ထွက်လာခဲ့ခြင်းဖြစ်ပါတယ်။ စာချုပ်ပါ သဘောတူညီချက်များကို လက်ခံခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးလမ်းကို အတူလျှောက်လှမ်းနေကြတာ အားလုံး အသိပဲဖြစ်ပါတယ်။

KIA အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တောက်လျှောက်ပါဝင်ခဲ့ပြီး NCA စာချုပ်တွင် အများနည်းတူ လက်မှတ် မရေးထိုးနိုင်တာဟာ ဘာကြောင့်ပါလဲ။ MNDAA၊ TNLA၊ AA အဖွဲ့များသည်လည်း ကတိကဝတ်တစ်ခုအဖြစ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ ဝင်ရန် ကမ်းလှမ်းခဲ့သည်ကို ဘာကြောင့် ငြင်းပယ်ခဲ့ပါသလဲ။ ငြိမ်းချမ်းရေးကို အလိုရှိသည်ဟုဆိုလျှင် ဘာကြောင့် နိုဝင်ဘာလ(၂၀)ရက်နေ့မှ စတင်၍ တိုက်ပွဲများကို ဖော်ဆောင်ရပါသလဲ စသည့်မေးခွန်းများ မေးရန်ရှိပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပါ အပစ်အခတ် ရပ်စဲပါဟု နှုတ်ကပြောနေ၍မရဘဲ ငြိမ်းချမ်းရေးယူရန် အမှန်တကယ် ဆန္ဒရှိရန် လိုပါတယ်။ တပ်မတော် စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များ အနေဖြင့် (၁) စခန်းကုန်းများကို ကာကွယ်ရန်၊ (၂) အရပ်သား ပစ်မှတ်များကို တိုက်ခိုက်နေသည့်အတွက် စစ်ရေးအရ တုံ့ပြန်ဆောင်ရွက်တိုက်ခိုက်ရန်၊ (၃) ပြည်သူလူထုများကို ကာကွယ်ရန်၊ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ တိုက်ခိုက်မှုများသည် ငြိမ်းချမ်းရေးကို ဖျက်လိုဖျက်ဆီး လုပ်ရာကျကြောင်းလည်း ထင်မြင်ယူဆပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းစိန်လူ၏ အရေးကြီးအဆို အပိုဒ် (၄)တွင် ပါဝင်သော ငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်ထောင်စုအစိုးရမှ ဦးဆောင်ပြီး ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းလိုပါသည်ဟု ပါရှိသောကြောင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင် လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများနှင့် စပ်လျဉ်း၍ နိုဝင်ဘာလ (၂၃) ရက်နေ့ ရက်စွဲဖြင့်ကြေညာချက်(၁)စောင် ထုတ်ပြန်ခဲ့ကြောင်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ အဆိုပါ ကြေညာချက်ထဲတွင် လက်နက်ကိုင် ပဋိပက္ခများ အမြန်ဆုံး ချုပ်ငြိမ်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံး ပါဝင်နိုင်ရေး NCA တွင် အမြန်ဆုံး လက်မှတ်ထိုးပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ၊ NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဦးနှစ်ဖက် ချိုးဖောက်မှုများ မရှိစေရေး စောင့်ကြည့်ဖြေရှင်းသည့် ယန္တရားများ ပိုမိုခိုင်မာစေရန်အတွက် အရပ်ဖက် အဖွဲ့အစည်းများနှင့်အတူ ထိုးဝန်းဆွေးနွေး နည်းလမ်းရှာဖွေရေး၊ ပြည်သူအများ

မျှော်လင့်တောင့်တနေသော ငြိမ်းချမ်းရေး ပန်းတိုင်ကို အရောက်လှမ်းနိုင်ရေး၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေးတွင် တန်းတူရည်တူပါဝင်နိုင်ရေး စသည်တို့ကို ရှေးရှုလျက် ငြိမ်းချမ်းရေးခရီးကို အတူတကွ လက်တွဲ၍ လျှောက်လှမ်းကြပါရန် အလေးအနက် တိုက်တွန်း ပါကြောင်း ဖော်ပြထားရှိသည် ကြေညာချက်ထုတ်ပြန်ထား သည့်အတွက် ပြည်နယ်လွှတ်တော်မှ တိုက်တွန်းရန်မလိုဘဲ ပြည်ထောင်စုအစိုးရမှ ဦးဆောင်ပြီး ဆောင်ရွက်မည်ဖြစ် ကြောင်း ပေါ်လွင်ထင်ရှားလျက် ရှိပါတယ်။

ဌင်းအပြင် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် စတင်၍ တိုက်ပွဲများ ဆင်နွှဲခဲ့သောအဖွဲ့များနှင့်လည်း တရုတ်နိုင်ငံ ကူမင်းမြို့တွင် တွေ့ဆုံရန်စီစဉ်ခဲ့သော်လည်း တွေ့ဆုံပွဲပျက်ခဲ့ ခြင်းနှင့် ပတ်သက်ပြီး ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးမှ ဒီဇင်ဘာလ (၃) ရက်နေ့ NRPC ရုံးတွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းခဲ့ပြီး ဖြစ်ပါ တယ်။ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုအဆင့်တွင် တိုက်တွန်းနှိုးဆော် ရန်မလိုပဲ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည့် အစီအစဉ်များ ရှိကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအသိပဲ ဖြစ်ပါတယ်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရမှ တာဝန်ပေးလာပါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိပြည်နယ်အတွင်း လုပ်ဆောင်၍ ရသမျှ အနေအထားအားလုံးကို ဆောင်ရွက် သွားမှာ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ရင်တွင်းခံစား ချက်များကိုလည်း နားလည်သဘောပေါက် ပါတယ်။ ဒေသအတွင်း တည်ငြိမ်ရေးနှင့် ပဋိပက္ခများ ချုပ်ငြိမ်း ရေးကို လိုလား ကြသည်ကိုလည်း ဝမ်းပန်းတသာ ကြိုဆိုအပ် ပါတယ်။တပ်မတော်အနေဖြင့် မူလအခြေအနေ ပြန်လည် ရောက်ရှိနိုင် ရေးအတွက်လည်းကောင်း၊ ဒေသခံပြည်သူလူထု များ၏ အကျိုးစီးပွား၊ အသက်အိုးအိမ်စည်းစိမ် ကာကွယ် စောင့် ရှောက်ရန်အတွက်လည်းကောင်း နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစိုင်းစိန်လူ တင်သွင်း သော အရေးကြီးအဆိုနှင့် ပတ်သက်၍ ပဋိပက္ခများ ချုပ်ငြိမ်း ရေး၊ ငြိမ်းချမ်းရေးရရှိရေးတို့အတွက် ရှမ်းပြည်နယ်အစိုးရ အနေဖြင့် ကြိုဆိုပါကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စု အစိုးရအဆင့်မှ စဉ်ဆက်မပြတ် ဆောင်ရွက်ရန် အစီအစဉ်များ ရှိနေသည့်အတွက် ဌင်းအဆိုအား လွှတ်တော် မှ မှတ်တမ်းတင်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ ကြောင်းဖြင့် ဆွေးနွေးပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများ မေးမြန်းခြင်းနှင့် အစိုးရအဖွဲ့ဝင်များမှပြန်လည်ဖြေကြားခြင်း အခြေအနေ

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၆) (၅. ၁၂. ၂၀၁၆)ရက်နေ့မှ (၈. ၁၂. ၂၀၁၆)ရက်နေ့ အထိ အစည်းအဝေး(၄)ရက် ကျင်းပရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်း(၃၈)ခု မေးမြန်းမှုအပေါ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှုနှင့် ပြန်လည်ဖြေကြားမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ရက်စွဲ | မေးခွန်း မေးမြန်းမှု | ဖြေကြားမှု |
|---|---|---|---|
| ၁ | ၅. ၁၂. ၂၀၁၆ | ၈ | ၈ |
| ၂ | ၆. ၁၂. ၂၀၁၆ | ၁၁ | ၁၁ |
| ၃ | ၇. ၁၂. ၂၀၁၆ | ၁၁ | ၁၁ |
| ၄ | ၈. ၁၂. ၂၀၁၆ | ၈ | ၈ |
| စုစုပေါင်း | | ၃၈ | ၃၈ |



ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူး ဦးကျော်သူဇော် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေစဉ်

## ရှမ်းပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသော အဖွဲ့အစည်းများ မျက်နှာစုံညီ အစည်းအဝေး ကျင်းပပြုလုပ်




**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပသည့် ရှမ်းပြည်နယ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်ပေးနေသော အဖွဲ့အစည်းများ၏ မျက်နှာစုံညီ အစည်းအဝေး ဖွင့်ပွဲအား** (၂. ၁၂. ၂၀၁၆)ရက်နေ့တွင် မြို့တော်ခန်းမ၊ တောင်ကြီးမြို့၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့မှ ဖွင့်လှစ်ပေးခဲ့ပါသည်။ ယင်းအစည်းအဝေးအား (၂. ၁၂. ၂၀၁၆) ရက်နေ့မှ (၃. ၁၂. ၂၀၁၆) ရက်နေ့ထိ စုစုပေါင်း (၂)ရက် ကျင်းပခဲ့ပြီး အခြားအရက်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၇)ဦး တက်ရောက်ခဲ့ကြပါသည်။

## ကနေဒါနိုင်ငံ အခြေစိုက် Forum of Federation မှ ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




**ကနေဒါနိုင်ငံ အခြေစိုက် Forum of Federation မှ ဦးဆောင်ကျင်းပသည့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအား** (၉. ၁၂. ၂၀၁၆) ရက်နေ့တွင် တောင်ကြီးဟိုတယ်၊ တောင်ကြီးမြို့၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ **ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား** (၉. ၁၂. ၂၀၁၆) ရက်နေ့မှ (၁၁. ၁၂. ၂၀၁၆) ရက်နေ့ထိ စုစုပေါင်း (၃)ရက် ကျင်းပခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

## Asia Foundation မှ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု အကြောင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**Asia Foundation မှ ဦးဆောင်ကျင်းပသည့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုအကြောင်း အလုပ်ရုံဆွေးနွေးပွဲအား** တောင်ကြီးဟိုတယ်၊ တောင်ကြီးမြို့တွင် (၁၃. ၁၂. ၂၀၁၆) ရက်နေ့မှ (၁၄. ၁၂. ၂၀၁၆) ရက်နေ့ထိ စုစုပေါင်း (၂)ရက် ကျင်းပခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပါသည်။



## UNDP မှ Rule of Law ဆိုင်ရာ ကိစ္စရပ်များ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

**UNDP မှ ဦးဆောင်ကျင်းပသည့် Rule of Law ဆိုင်ရာ ကိစ္စရပ်များ အလုပ်ရုံ ဆွေးနွေးပွဲ**အား (၁၂. ၁၂. ၂၀၁၆) ရက်နေ့တွင် တောင်ကြီးဟိုတယ်၊ တောင်ကြီးမြို့၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။



# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းများ

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် အာခါနှစ်သစ်ကူးပွဲတော် တက်ရောက်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၂၈. ၁၂. ၂၀၁၆)ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံမြို့မအားကစားကွင်းတွင် ကျင်းပသော အာခါနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ခဲ့ပါသည်။



## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းထွန်းနှင့် ဦးဘေရင်နယ်တို့ ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောက်ရွက်

လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) မှ ဦးအောင်သန်းထွန်းနှင့် လောက်ကိုင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဘေရင်နယ်(ခ) ခင်မောင်လွင်တို့သည် ဒေသဦးစီးအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး(လောက်ကိုင်)၊ ဌာနဆိုင်ရာများနှင့်အတူ(၂၄. ၁၀. ၂၀၁၆)ရက်နေ့တွင် လောက်ကိုင်မြို့ ချမ်းမြေ့ဂုဏ်ဝေ ပရိယတ္တိပဋိပတ္တိပရဟိတ သီလရှင်ကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် ဒေသခံ ကလေးငယ်များအား ကြည့်ရှုအားပေးစကား ပြောကြားခဲ့ပါသည်။



ဦးလီကျိန်းဖူ(ခ) ဦးမြင့်ဆွေ၊ ဒေသဦးစီးအဖွဲ့ဝင်များနှင့်အတူ (၁၇. ၁၁. ၂၀၁၆)ရက်နေ့တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (ပြည်နယ်ဘတ်ဂျက်)ဖြင့် တောက်ရွှေ-ရှူကိန်းရွှေ-အာလာဖြဲလမ်း (၂၀)မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ (ပြည်ထောင်စုဘတ်ဂျက်)ဖြင့် ဆောင်ရွက်လျက်ရှိသည့် လောက်ကိုင်-မန်တုံပါးလမ်း(၅)မိုင် ကျောက်ခင်းလမ်းဖောက် လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ် ကိုယ်အားကိုယ်ကိုးကျောင်းအား သွားရောက်ထောက်ပံ့

မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်သည် ၁၀-၈-၂၀၁၆ ရက်နေ့တွင် မိုင်းညှင်းကျေးရွာအုပ်စု၊ အင်ဟိုညှင်းကျေးရွာ၌ ဖွင့်လှစ်ထားသော ကိုယ်အားကိုယ်ကိုးကျောင်းမှကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်နေသော ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်နှင့် ပေတံများ တန်ဖိုးငွေ (၇၀၀၀၀ိ/-)ကျပ်ဖိုးကို သွားရောက်ထောက်ပံ့ ကူညီပေးခဲ့ပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်ထူး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်ထူးသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မိုင်းရယ်မြို့နယ်အတွင်း ဆောင်ရွက်လျှက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုခဲ့ပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် မြစိမ်းရောင် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနား တက်ရောက်




နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်သည် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ (၂၈-၉-၂၀၁၆) ရက်နေ့တွင် နမ့်ခမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပသော မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲပြုလုပ်



မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းသည် (၂၇-၁၁-၂၀၁၆) ရက်နေ့တွင် တုံတာမြို့၊ ဘုန်းတော်ကြီးကျောင်း၌ ပြည်သူလူထုများအား လွှတ်တော်အတွေ့အကြုံ ရှင်းလင်းခြင်းနှင့် ရှမ်းနှစ်သစ်ကူးအတွက် အလှူငွေ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲပြုလုပ်

ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်းသည် (၁၈-၁၂-၂၀၁၆) ရက်နေ့တွင် ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာ၌ ပြည်သူလူထုများအား လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါသည်။



# ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦသစ် တည်ဆောက်ရန်အတွက် မြေသန့်ပရိတ်တရားတော် ရွတ်ဖက်ပူဇော်ပွဲ အခမ်းအနား ပြုလုပ်ခြင်း

ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦသစ် တည်ဆောက်ရန် ရွေးချယ်ထားသော မြေနေရာတွင် မြေသန့်ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ရေစက်သွန်းချ အမှုအတန်း ပေးဝေခြင်း အခမ်းအနားအား (၃. ၁၂. ၂၀၁၆)ရက် စနေနေ့ (၁၅၃၀)နာရီအချိန်တွင် မင်္ဂလာနေရာ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



သံဃာတော်အရှင်သူမြတ်များမှ မြေသန့်ပရိတ် တရားတော်များ ရွတ်ဖက်ပူဇော်နေစဉ်

အခမ်းအနားတွင် ပင့်ဖိတ်ထားသော သံဃာတော် အရှင်သူမြတ်များမှ မြေသန့်ပရိတ်တရားတော်များ ရွတ်ဖက်ပူဇော်ခြင်း၊ လွှတ်တော်ရုံးအသစ် ဆောက်လုပ်မည့် မြေနေရာပေါ်တွင် ပရိတ်ရေများ ပက်ဖျန်း၍ မေတ္တာပို့ပေး ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



မြေသန့်ပရိတ် တရားတော်များ ရွတ်ဖက်ပူဇော်နေမှုအား နာကြားနေစဉ်

အဆိုပါ မြေသန့်ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊




သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းနေစဉ်

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူး၊ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ ဆောက်လုပ်မည့် M.K.T ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။




ရေစက်သွန်းချ အမှုတန်းပေးဝေနေစဉ် (အပေါ်ပုံ)
ပရိတ်ရေများ ပတ်ဖျန်း၍ မေတ္တာပို့ပေးနေစဉ်(အောက်ပုံ)



# ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦသစ် တည်ဆောက်မည့် မြေနေရာတွင် ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ခြင်း



ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦသစ် တည်ဆောက်မည့် မြေနေရာတွင် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားအား (၄. ၁၂. ၂၀၁၆)ရက် တနင်္ဂနွေနေ့ (၀၈၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်
ပန္နက်တိုင် စိုက်ထူပေးနေစဉ်

ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးစိုးဇော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်
ပန္နက်တိုင် စိုက်ထူပေးနေစဉ်



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် အမွှေးနံ့သာများ ပက်ဖျန်းနေစဉ်



ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ အမွှေးနံ့သာများ ပက်ဖျန်းနေစဉ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ရွှေမိုးငွေမိုးများ ရွာသွန်းပေးနေစဉ်



ဧည့်သည်တော်များအား နံနက်စာများဖြင့် တည်ခင်းနေစဉ်

အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်လွှတ်တော် အဆောက်အဦသစ် ဆောက်လုပ်မည့် M.K.T ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၏ မင်္ဂလာအချိန်တွင် ပန္နက်အသီးသီး၏ ပန္နက်တိုင်များအား တာဝန်ရှိပုဂ္ဂိုလ်များမှ စိုက်ထူပေးကြပါသည်။ ထို့နောက် အမွှေးနံ့သာများ ပက်ဖျန်းပေးခြင်းနှင့် အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုး၊ ငွေမိုးများ ရွာသွန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက် (Objectives)**

(၁) ဥပဒေပြုခြင်း၊

(၂) ကိုယ်စားပြုခြင်း၊

(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊

(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ခြင်း။

ထုတ်ဝေသူ - ဦးထက်မာန်အောင် (ပ/၅၆၃၁)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ (၆)၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး။ ထုတ်ဝေသည့်စောင်ရေ (၃၀၀)